ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

# ညွှန်ကြားချက် ( ၅ / ၂၀၂၄)

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့သည် **“နို့စို့ကလေးနှင့် ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်ကို ပြင်ဆင်သည့်အမိန့် (၅/ ၂၀၂၄)”** ကို (၁၀-၇-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်ထားပြီးဖြစ်သည်။ ယင်းပြင်ဆင်ချက်အရ နို့စို့ကလေးနှင့် ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များကို ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသူများသည် အောက်ပါသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) သွင်းကုန်ထောက်ခံချက် (IR) အသစ်/ သက်တမ်းတိုးလျှောက်ထားခြင်းများအတွက် အမိန့်ကြော်ငြာစာအမှတ် (၅/ ၂၀၂၄) နှင့်အညီ ပြင်ဆင်၍ လျှောက်ထားရမည်။

(ခ) သွင်းကုန်ကျန်းမာရေးထောက်ခံချက် (IHC) လျှောက်ထားရာတွင် ရရှိပြီး သွင်းကုန်ထောက်ခံချက် (IR) ပါ သတ်မှတ်ချက်အတိုင်း (၁-၉-၂၀၂၅) ရက်နေ့အထိ လက်ခံဆောင်ရွက်မည်။

(ဂ) အမိန့်ကြော်ငြာစာနှင့် ကိုက်ညီမှုမရှိဘဲ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော အစားအသောက်များကို (၁-၃-၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ ဈေးကွက်မှ ဖယ်ရှားပေးရမည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန